# အမျိုးသမီးများအား စစ်မှုထမ်း စာရင်းသွင်းခြင်း

စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းရန် လုပ်ဆောင်မှုကြောင့် အမျိုးသမီးများအပေါ် သက်ရောက်မှုများ



ND-Burma

# မာတိကာ


နိဒါန်း
၃

မြန်မာနိုင်ငံတွင် အတင်းအကြပ်စစ်မှုထမ်း စေခိုင်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများ
၆

အတင်းအကြပ် စစ်မှုထမ်းစေခြင်းကြောင့် အမျိုးသမီးများအပေါ် သက်ရောက်မှု
၁၃

အမျိုးသမီးနှင့် မိန်းမပျိုများ အတင်းအကြပ် စစ်မှုထမ်းစေခြင်းခံရပါက ကြုံရနိုင်သည့် အန္တရာယ်များ
၁၅

နိဂုံး
၂၁

အကြံပြုချက်များ
၂၃

စစ်အာဏာရှင်တို့ အာဏာသိမ်းရန်ကြိုးပမ်းမှု ၄ နှစ်ကျော်ကြာမြင့်လာပြီဖြစ်သည်။ ထိုကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် ခုခံတွန်းလှန်မှုများနှင့် စစ်အာ ဏာရှင်တို့၏ ရက်စက်မှုကို သိသိသာသာ ဆန့်ကျင်မှု များ တိုးပွားလာသည်။ စစ်တပ်မှ မူကြမ်းရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာသိမ်းမှုသည် တရားမဝင်သော်လည်း စစ်အာဏာရှင်တို့က အတိုက်အခံတို့အား အကြမ်းဖက် တိုက်ခိုက်၍ နိုင်ငံတကာ စံချိန်စံညွှန်းများကို ချိုးဖောက်နေကြသည်။ တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင် အဖွဲ့အစည်းများ တပ်စွဲထားခြင်း မရှိသည့်တိုင် စစ်တပ်က ကျေးရွာများနှင့် ယာယီ အခြေစိုက်စခန်းများအား ရက်ရက်စက်စက် ပစ်ခတ်အကြမ်းဖက်လျှက်ရှိသည်။

စစ်အာဏာရှင်တို့၏ အကြမ်းဖက်မှုကြောင့် ပြည်သူ ၃.၅ သန်းကျော် စစ်ပြေးဒုက္ခသည်များ ဖြစ်လာကြသည်[1]။ အကျိုးဆက်အနေဖြင့် ကျောင်းများအား စစ်အာဏာရှင်တို့မှ လေကြောင်းဖြင့် မကြာခန တိုက်ခိုက်ခြင်းဖြင့် ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ခွင့် ငြင်းဆန်ခံနေရသည်။ စစ်သားများလာ ရောက် တပ်စွဲထားခြင်းနှင့် ရွာနီးချုပ်စပ်နှင့် လယ်ယာလုပ်ငန်းခွင်တို့တွင် မြေမြှုပ်မိုင်းများ ထောင်ထားသည့်အတွက် မိသားစုများမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် လုပ်ငန်း ခွင်ဝင်ရန်အတွက် ရုန်းကန်နေရသည်။ ငွေကြေးဖောင်းပွမှုနှင့် အလုပ်အကိုင်ရှားပါးမှုကြောင့် စားနပ်ရိက္ခာရရှိရန်မှာ ခက်ခဲလာသည်။ ထို့ကြောင့် တောတောင်အတွင်း ရှာဖွေရခြင်းနှင့် ဒေသထွက် ဟင်းသီး ဟင်းရွက်များအပေါ် မှီခိုဖြေရှင်းနေကြရသည်။

မြန်မာစစ်တပ်မှ တိုးမြှင့်တိုက်ခိုက်နေပြီး ဒေသခံပြည်သူလူထုမှာလည်း ခုခံတွန်းလှန်ရေး အဖွဲ့များအား လက်ခံအကူအညီပေးနေသည်ဟုလည်း စွပ်စွဲခံနေရသည်။ စစ်တပ် စစ်ဆေးရေးဂိတ်များ နေရာအနှံ့ရှိ နေပြီး အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး အချက်အခြာကျသည့် နေရာများတွင်ဖြစ်သည်။ ဖြတ် သန်းသွားလာသူများမှာ စစ်ဆေးမေးမြန်းခံရ၊ ငွေညှစ်ခံရခြင်းနှင့် မကြာခန လက်စတုန်း ဖျောက်ဖျက်ခံ နေရသည်။ ဂိတ်များတွင် တားဆီး စစ်ဆေးခံရသည့် အမျိုးသမီးနှင့် အမျိုးသားများသည် စစ်အာဏာ ရှင်တို့၏ အတင်းအကြပ်စစ်မှုထမ်းရန် စာရင်းပေးသွင်းခံကြရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းဆောင်ရမည်ဖြစ်သော်လည်း ဆယ်စုနှစ် တစုတိုင်အောင် ကျင့်သုံးမှုမရှိပေ။ သို့သော်လည်း လွန်ခဲ့သည့်နှစ်မှစပြီး စစ်အာဏာရှင်တို့က ပထမဦးဆုံး စတင်ကျင့်သုံးခဲ့ ပြီး အမျိုးသားများ အသက် ၁၈ နှစ်မှ ၃၅ အတွင်းနှင့် အမျိုးသမီးများ အသက် ၁၈ နှစ်မှ ၂၇ နှစ်အတွင်း စစ်မှုထမ်းရန် အကျုံးဝင်သည်။ စစ်အာဏာရှင်တို့အနေဖြင့် စစ်မြေပြင်တွင် မကြုံစဖူး လက်လွတ်ဆုံး ရှုံးမှုများနှင့် ကြုံ

1. Four years after the coup, Myanmar remains on the brink, United Nations, 29 January 2025

**မြန်မာစစ်တပ်မှ တိုးမြှင့်တိုက်ခိုက်နေပြီး ဒေသခံပြည်သူလူထုမှာလည်း ခုခံတွန်းလှန်ရေး အဖွဲ့များအား လက်ခံအကူအညီပေးနေသည်ဟုလည်း စွပ်စွဲခံနေရသည်။**

ရပြီးနောက် အချိန်ကိုက်၍ စစ်မှုထမ်းရန် အတင်းအကြပ် ဆောင်ရွက်လာခြင်းဖြစ် သည်။ ND-Burma အဖွဲ့ဝင်ဖြစ်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) ၏ အစီရင်ခံစာအရ အတင်းအကြပ် စစ်မှုထမ်းရန် ခေါ်ဆောင်ခံရသည့် လူငယ်များအား ရှေ့တန်းစစ်မြေပြင်သို့ စေလွှတ်၍ အသက်အန္တရာယ်ရှိသည့် အခြေအနေအောက်တွင် အတင်းအကြပ် တိုက်ခိုက်ခိုင်းနေသည်[၂]။ ယခုအခါ အဆိုပါဥပဒေအတိုင်းကျင့်သုံးနေသည်မှာ တနှစ်ကျော်ကြာပြီဖြစ်သည်။ ပြည်သူ့ စစ်မှုထမ်းဥပဒေမှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် မွမ်းမံပြင်ဆင်မှုအချို့နှင့် အတူ အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်[၃]။

စစ်အာဏာရှင်တို့မှ အတင်းအကြပ်စစ်မှုထမ်းစေခြင်းကို အလျင်အမြန် ဆောင်ရွက်နေသည့်အတွက် လူငယ်များအား ကျောင်း၊ ကားဂိတ်၊ သင်္ဘောဆိပ် (သို့မ ဟုတ်) မိသားစုနှင့် သူငယ်ချင်းများထံ အလည်အပတ်သွားရောက်ရာတွင် အတင်းအကြပ် စစ်မှုထမ်းရန် ခေါ်ဆောင်ခြင်းအပါအဝင် မရိုးသားသည့် နည်းနာများကို အသုံးပြုနေသည်။ စစ်အာဏာရှင်တို့ ထိန်းချုပ်ထားသည့် ဒေသများတွင် လူငယ်များ မကြာခန ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ ရလဒ်အနေဖြင့် ကျေးရွာများရှိ လူငယ်လူရွယ်များမှာ “ညအိပ်ရန်ပင် ကြောက်နေရသည်” ဟု ပြောဆိုကြသည်[၄]။

စစ်အာဏာရှင်တို့ကအမျိုးသမီးများအား အတင်းအကြပ် စစ်မှုထမ်းရန် ဆောင်ရွက်မည်မဟုတ်ဟု မူလက ကြေငြာခဲ့သော်လည်း ၂၀၂၅ ဇန်နဝါရီလမှစပြီး အမျိုးသမီးများအား စစ်မှုထမ်းရန် စာရင်း ကောက်မည်ဟု ကြေငြာခဲ့သည်[၅]။ ထို့နောက် အမျိုးသမီးများမှာ ၎င်းတို့နေအိမ်များမှ အတင်းအကြပ် ခေါ်ဆောင်၍ ပြင်းထန်သည့် စစ်သင်တန်းများတက်ရပြီးနောက် စိတ်ကူးဖြင့်ပင် မှန်းဆ၍မရသည့် ကြောက်မက်ဖွယ် စစ်မြေပြင်သို့ စေလွှတ်ခံရသည်။[၆]

HURFOM ၏ အစီရင်ခံစာအရ စစ်အာဏာရှင်များသည် အမျိုးသမီးများ စစ်မှုထမ်းရန် စာရင်းကောက်ယူမှုကို မွန်ပြည်နယ်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးမြောက်ပိုင်း၊ ကျိုက်မရော၊ ဖားအံ၊ ဘီးလင်း၊ ပေါင်မြို့နယ် များနှင့် ထားဝယ်ဒေသရှိ လောင်းလုံနှင့် ရေဖြူမို့နယ်တို့တွင် စတင်ခဲ့သည်။ အမျိုးသမီးများအနေဖြင့် စစ်သင်တန်းကို မွန်ပြည်နယ် ကျိုက်ထိုတွင် တက်ရောက်ရသည်။ မွန်ပြည်တော်လှန်ရေးတပ် (MSRF) ၏ အဆိုအရ စစ်အာဏာရှင်တို့မှ စစ်သင်တန်းအပတ်စဉ် (၅) အား စတင် မည်ဟု ကြေငြာပြီးနောက် အမျိုးသမီး ရာနှင့်ချီ၍ လွတ်မြောက်ဒေသသို့ ရှောင်တိမ်းလာကြသည်။ ထို့အပြင် စစ်တပ်၏ ထိန်းသိမ်းရေး စခန်းများတွင် အမျိုးသမီးများသည် အတင်းအကြပ် သင်တန်းတက်ရောက်ရပြီး စစ်အာဏာရှင် တို့အတွက် တိုက်ပွဲဝင်ရခြင်းအပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ခြိမ်းခြောက်ခံရခြင်းများ ကြုံတွေ့ရသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma) မှ ထုတ်ပြန်လိုက်သည့် ယခုအစီရင်ခံစာ အကျဉ်းချုပ်တွင် စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းရန် မတရားဆောင်ရွက်မှုကြောင့် အမျိုးသမီးများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို သုံးသပ်တင်ပြထားသည်။ အစီရင်ခံစာအား အင်တာနက်မှ သတင်းအချက်အလက်များအား စုဆောင်းသုတေသန

2. Forced to Enlist, the Human Rights Foundation of Monland, December 2024
3. Myanmar junta enforces military conscription law, restricts travel for summoned individuals, Mizzima, 26 January 2025
4. Junta troops forcibly recruit more than 70 young men in Myanmar town, Radio Free Asia, 17 March 2025
5. Myanmar military exempts women from draft for now, Nikkei Asian Review, 22 February 2024
6. Myanmar Junta Registering Women Ahead of Possible Conscription, the Irrawaddy, 29 January 2025

ပြုမှုနှင့်အတူ အဖွဲ့ဝင်အဖွဲ့အစည်း များ မှ မှတ်တမ်းတင်ထားသည့် အချက်အလက်များ၊ တွေ့ဆုံမေးမြန်းထားမှုများကို ပေါင်းစပ်အသုံးပြု ထားသည်။ စစ်အာဏာရှင်တို့မှ အမျိုးသမီးများအား အတင်းအကြပ် စစ်မှုထမ်းတိုက်ခိုက်စေသဖြင့် မည်သို့သက်ရောက်မှုရှိသည်ကို တင်ပြထားပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာပြည်ရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အရေးပေါ် တုန့်ပြန်ဆောင်ရွက် ကာကွယ်ပေးရန်လည်း တိုက်တွန်းထားသည်။

အဖွဲ့ဝင်အဖွဲ့အစည်းများမှ သတင်းအချက်အလက်များ၊ ဖြစ်ရပ်များနှင့် ထွက်ဆိုချက်များကို ပေးပို့သည့် အတွက် ND–Burna မှ ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM), နိုင်ငံရေး အကျဉ်းသားများ ကူညီစောက်ရှောက်ရေးအသင်း (AAPP) နှင့် ပအိုဝ်းလူငယ်အစည်းအရုံး (PYO) တို့မှ ပေးပို့သည့် အချက်အလက် အထောက်အထားများက ယခုအစီရင်ခံစာ အကျဉ်းချုပ်တွင် ဖော်ပြထားသည့် တွေ့ရှိချက်များနှင့် သုံးသပ်ချက်များအတွက် များစွာ အထောက်အကူ ဖြစ်စေပါသည်။

ထို့အပြင် ND–Burma အနေဖြင့် အဖွဲ့ဝင်အဖွဲ့အစည်းများထဲမှ အမျိုးသမီးအဖွဲ့အစည်းများဖြစ်သည့် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT)၊ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) နှင့် တ အာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) များနှင့် တိုင်ပင်ဆွေးနွေးပြီး ထိုအဖွဲ့အစည်းများမှ ကျွမ်းကျင်သည့် ကျား၊ မ ဆိုင်ရာ ဆက်စပ်အခြေအနေများကိုလည်း ထည့်သွင်းဖော်ပြ ထားပါသည်။

စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီး မြန်မာနိုင်ငံတွင် လူ့အခွင့်အ ရေးချိုးဖောက်မှုများ သိသိသာသာ များပြားလာပြီး ကြမ်းတမ်းရက်စက်သည့် ဖိနှိပ်ထိန်းချုပ်မှု တခုအ ဖြစ် အတင်းအကြပ် စစ်မှုထမ်းစေခြင်းကို ကျင့်သုံးလာသည်။ လူငယ် အမျိုးသား၊ အမျိုးသမီးများအား အတင်းအကြပ် စစ်သားစုဆောင်းခြင်းသည် အထူးသဖြင့် ကျေးလက်တောရွာများတွင် များပြားလာ သည်။ ND-Burma အဖွဲ့ဝင်များမှ ရရှိသည့် ထွက်ဆိုချက်များတွင် အတင်းအကြပ် စစ်သားစုဆောင်း ခံ ရသူများသည် ၎င်းတို့၏ သဘောတူ ဆန္ဒမပါဘဲ အတင်းအကြပ် စုဆောင်းခံရပြီး ရှေ့တန်းစစ်မြေပြင် သို့စေလွှတ်ခြင်း ခံရသည်ကို တွေ့ရှိရသည်။ လူငယ်များသည် စစ်မြေပြင်တွင် အန္တရာယ်ရှိသည့် လူ သားဒိုင်းအဖြစ် အသုံးချခံရပြီး အသက်ဆုံးရှုံးကြရသည်ဟု မိသားစုဝင်များကပြောသည်။

ထိုသို့ လုပ်ဆောင်မှုသည် စစ်တပ်အား ခုခံတော်လှန်မှုများ အားကောင်းလာချိန်တွင် စစ်တပ်အနေဖြင့် ကြုံရာမရဖြစ်ကာ တပ်သားအရေအတွက် တိုးပွားလာစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ တိုင်းပြည်တ ဝှန်းရှိ ပြည်သူလူထုမှာ အတင်းအကြပ် ဖမ်းဆီးထိန်းသိမ်းခြင်း၊ ငွေညှစ်ခြင်းနှင့် စစ်သားစုဆောင်းခံ ခြင်း၊ ကြောက်ရွံ့စိုးရိမ်ရမှုနှင့် မလုံခြုံမှု စသည့်ခြိမ်းခြောက်မှုကို အမြဲကြုံတွေ့ နေရသည်။ ထိုသို့ နိုင်ထက်စီးနင်း စစ်သားစုဆောင်းသည့် ဗျူဟာသည် အခြေခံလူ့အခွင့်အရေးနှင့် နိုင်ငံတကာလူသား ချင်းစာနာမှုဥပဒေကို အရှက်မဲ့စွာ ချိုးဖောက်ခြင်းဖြစ်ပြီး စစ်အာဏာရှင်တို့အား တာဝန်ခံစေရန်နှင့် အကာအကွယ်မဲ့နေသည့် လူထုအတွက် နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် ချက်ခြင်း တုန့်ပြန် ဆောင်ရွက်ရမည်ဖြစ်သည်။

စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်းတွင် ရည်ရွယ်ချက်ပေါင်းစုံရှိသည်။ ပထမ တ ချက်မှာ လူအများအား ကြောက်ရွံ့ထိတ်လန့်စေရန်ဖြစ်ပြီး ဒုတိယအချက်မှာ စစ်တပ်ထိန်းချုပ်နယ်မြေ များ လျော့နည်းလာခြင်းနှင့်အတူ ကျဆင်းနေသည့် တပ်အင်အား ပြန်လည်ဖြည့်တင်းရန်ဖြစ်သည်။ တ တိယအချက်မှာ (၎င်းတို့ ကြေငြာထားသည့်) ရွေးကောက်ပွဲကို ကြိုးကိုင်ခြယ်လှယ်ရန်အပါအဝင် ထိ လွယ်ရှလွယ် အုပ်စုများအပေါ် အမြတ်ထုတ်ရန်ဖြစ်သည်။ စစ်အာဏာရှင်တို့ ကျင့်သုံးနေသည့် အတင်း အကြပ် စစ်မှုထမ်းစေခြင်းမှာ အတုအယောင် ရွေးကောက်ပွဲ ပြုလုပ်ပါက မိသားစုဝင်များအား စစ်မှု ထမ်းနေရသည့် ၎င်းတို့၏ သားသမီးများ လုံခြုံရေးအတွက် ဖိအားပေးခြိမ်းခြောက်၍ စစ်တပ်အလိုကျ မဲပေးစေရန်ဖြစ်သည်။

အတင်းအကြပ် စစ်မှုထမ်းခြင်းကိစ္စအား တိုက်ရိုက်လေ့လာရန် အခက်အခဲများရှိနေစဉ် အာဏာပိုင် များမှ အိမ် ထောင်စုစာရင်း မိတ္တူများ ကောက်ယူခြင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင်

***“အမေ့သားကို သူတို့ဖမ်းပြီး စစ်သားစုဆောင်းကတည်းက အမေ့အနေနဲ့ နေ့တိုင်း စိတ်ပူပန် နေရတယ်။ အဲဒါဟာ ငွေကြေးသက်သက်အတွက်သာ မဟုတ်ဘူး အမေတို့ အားလုံး စိတ်ဆင်းရဲရတယ်။ စိတ် ထောင်း ကိုယ်ကြေဖြစ်လာတယ်”***

တောင်ကြီးရှိ ပအိုဝ်းဒေသနှင့် အနီးတဝိုက်တွင် စတင်ခဲ့ကြသည်။ PYO ၏ မှတ်တမ်းအရ အဆိုပါ စာရင်းများမှာ အမျိုးသမီးနှင့် အမျိုးသားများ၏ သန်းကောင်စာရင်းများလည်း ပါဝင်သည်ဟု သိရသည်။

အတင်းအကြပ် စစ်မှုထမ်းစေခြင်းကို ဒေသတွင်းတွင် မကျင့်သုံးသေးသော်လည်း တက္ကသိုလ်များတွင် စတင်နေပြီဟု PYO မှ ရရှိသည့် အစီရင်ခံစာများအရ သိရသည်။ သို့သော်လည်း ထိုကိစ္စကို တိတိကျကျ အကောင်အထည်ဖော်နေသည့် စစ်တပ်၏ဗျူဟာမှာ သဲသဲကွဲကွဲ မရှိသေးပေ။ တောင်ကြီးမှ ရရှိ သည့် သတင်းများအရ တောင်ကြီးတက္ကသိုလ်မှ အမျိုးသမီးတဦးမှာ စစ်သင်တန်းတက်ရောက်ရသည် ဟုသိရသည်။ သူမအနေဖြင့် သင်တန်းတက်ရောက်ပြီးသည်ဟု သိရသော်လည်း အတူတက်ရောက်ခဲ့ သည့် သင်တန်းသားအရေအတွက်ကို ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။

HURFORM ၏ မှတ်တမ်းများအရ အတင်းအကြပ် စစ်သားစုဆောင်းမှုကို မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂၀၂၅ ခုနှစ် မတ်လမှစ၍ ဆောင်ရွက်လာသည်။ အတင်းအကြပ် စစ်သားစုဆောင်းခံရသည့် သားများလွတ်မြောက်စေရန် မိဘများက ငွေကြေးပေးခဲ့ရသည့် ဖြစ်ရပ် ၃ ခု လည်း တွေ့ရှိရသည်။ ထိုသို့တောင်းခံမှုမှာ ကျပ် ၃ သန်းမှ ၆ သန်းအထိ ရှိသည် (ပျမ်းမျှခြင်း အမေရိ ကန်ဒေါ်လာ ၁၀၀၀ မှ ၂၀၀၀)။ စစ်တပ်မှ ထိုသို့ငွေကြေးတောင်းခံမှုကို မပေးနိုင်သည့် မိခင်များအနေ ဖြင့် အတိုးနှုန်းကြီးစွာဖြင့် ငွေချေး၍ စစ်တပ်ကိုပေးကြရသည်။

ကားမောင်းရင်း အသက်မွေးဝမ်းကျောင်းနေသည့် အသက် ၂၅ နှစ်ရှိ သားဖြစ်သူ၏ မိခင်က အတင်း အကြပ် စစ်မှုထမ်းရန် စုဆောင်းမှုကြောင့် သူမအတွက် ဝင်ငွေမရရှိသည်သာမက စိုးရိမ် ကြောင့်ကြစိတ် များပါ ရရှိသည်ဟုဆိုသည်။

***“အမေ့သားကို သူတို့ဖမ်းပြီး စစ်သားစုဆောင်းကတည်းက အမေ့အနေနဲ့ နေ့တိုင်း စိတ်ပူပန် နေရတယ်။ အဲဒါဟာ ငွေကြေးသက်သက်အတွက်သာ မဟုတ်ဘူး အမေတို့အားလုံး စိတ်ဆင်းရဲရတယ်။ စိတ် ထောင်း ကိုယ်ကြေဖြစ်လာတယ်”*** ဟု မတ်လ ၅ ရက်နေ့တွင် HURFOM သို့ပြောသည်။

HURFOM ၏ အစီရင်ခံစာအရ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် လူငယ်များ အသောမသတ် ဖမ်းဆီး ခံနေရပြီး မတ်လ ပထမပတ်နှင့် ဒုတိယပတ်အတွင်း အနည်းဆုံး လူငယ် ၁၅ ဦးခန့် ဖမ်းဆီးထိန်းသိမ်းခံ ရသည်။ မတ်လ ၉ ရက်နေ့ ညနေတွင် စစ်အာဏာရှင်တပ်များက ဘီးလင်းမြို့နယ် ဇုတ်သုတ် ကျေးရွာ တွင် ဝင်ရောက်ဖမ်းဆီးရာ အမျိုးသမီးများအပါအဝင် လူငယ် ၁၀ ဦးကျော် ဖမ်းဆီးခံရသည်[7]။

7. March 2025 Monthly Overview, the Human Rights Foundation of Monland, 2025

***“ဘာလို့ အဲလိုဖမ်းတယ်ဆိုတာ ကျနော်တို့မသိပါဘူး။ ဖမ်းဆီးခံရတဲ့သူတွေကိုလည်း ဆက်သွယ်လို့ မရ သေးပါဘူး။ ကျနော်တို့ အရမ်းစိုးရိမ်တာက သူတို့ကို အတင်းအကြပ် စစ်မှုထမ်းခိုင်းမှာ ဖြစ်တယ်”*** ဟု ဒေသခံတဦးက ပြောသည်[၈]။

စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်း မူဝါဒကြောင့် အမျိုးသမီးများ အထူးသဖြင့် မိ ခင်များနှင့် သက်ကြီးရွယ်အိုများအား ဆင်းရဲတွင်းနက်စေပြီး ရှေ့ရေးအတွက် ရတက်မအေးဖြစ်စေကာ မိသားစုဘဝများကို ပျက်စီးစေသည်။ မိသားစုများအား ကူညီထောက်ပံ့မှု မလုပ်နိုင်သည့်အတွက် ငွေ ကြေးအခက်အခဲဖြစ်စေပြီး ရွေးချယ်ခွင့်မရှိသည့်ဘဝတွင် ကြောက်ရွံ့စိုးရိမ်ခြင်း၊ အကြွေးတင်ခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့စွာ အသက်ရှင်ကျန်ရစ်ကြရသည်။ မိသားစုတွင်း အဓိက ဝင်ငွေရှာဖွေပေးနေ သည့် သမီးမိန်းကလေးများ အတင်းအကြပ်စစ်မှုထမ်းရန် ဖမ်းဆီးခံရသဖြင့် ငွေကြေးအရ ရုန်းကန်ကြ ရပြီး ဆင်းရဲမွဲတေမှုနွံ့တွင် နစ်မွန်းကြရသည်။

လူဦးရေ ၁၄ သန်း (၆.၃ အမျိုးသားနှင့် ၇.၇ အမျိုးသမီး) သို့မဟုတ် လူဦးရေ၏ ၂၆% သည် စစ်မှုထမ်း ရန် အကျုံးဝင်နေသည်[၉]။ ထို့ကြောင့် ထောင်နှင့်ချီသည့် လူငယ်များ နယ်စပ်အသီးသီးမှတဆင့် ထိုင်း၊ အိန္ဒိယနှင့် တရုတ်နိုင်ငံများသို့ ထွက်ခွာကြသည်။ စစ်မှုထမ်းရန် ရှောင်ရှားသူများအနေဖြင့် ထောင်ဒဏ် ၃ နှစ် ကျခံကြရမည်ဖြစ်သည်။ ငွေညှစ်မှုနှင့် လာဘ်ပေးလာဘ်ယူမှုများ ရှိသော်လည်း အဆမတန် တောင်းခံသည့်နှုန်းကြောင့် မိသားစုဝင်များအနေဖြင့် ၎င်းတို့သားသမီးများအား စစ်မှုမထမ်းရစေရန် ငွေကြေး မတတ်နိုင်ကြပေ[၁၀]။ စစ်မှုထမ်းရန် အတင်းအကြပ်ကောက်ခံမှုကြောင့် တိုင်းပြည်မှထွက်ခွာရန် လူထောင်နှင့်ချီ နိုင်ငံကူးလက်မှတ်ပြုလုပ်ကြရာ အမျိုးသမီး ၂ ဦး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် သေဆုံးသွားသည်[၁၁]။

မှတ်တမ်းတင်ထားသည့် တခြားဖြစ်ရပ်များတွင် လူငယ်အမျိုးသမီး၊ အမျိုးသားများသည် စစ်ဆေးရေး ဂိတ်များတွင် စစ်သားများက စစ်ဆေးမေးမြန်းနေစဉ် အတင်းအကြပ် စစ်မှုထမ်းရန် စာရင်းကောက် ခြင်း ခံရသည်။ HURFOM မှ ကောက်ခံရရှိသည့် ဖြစ်ရပ်တွင် ၂၀၂၅ ခုနှစ် မတ်လ ၂ ရက်နေ့က လူငယ် ၂ ဦး သထုံမှ ဘီးလင်းသို့ မော်တော်ဆိုင်ကယ်



**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က မွန် ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီကျေးရွာတွင် စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်း ကိစ္စအား လူမှုကွန်ရက်ပေါ်တင်၍ ဆန့်ကျင်ခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် ရွာသား ၁၀ ဦး ဖမ်းဆီးခံရသည်။**

8. Ibid
9. Myanmar Junta Registering Women Ahead of Possible Conscription, The Irrawaddy, 29 January 2025
10. Myanmar's Silent Disease: How Everyday Bribery Fuels Autocratic Control, The Fulcrum, 17 January 2025
11. Timeline—One Year On: Key Developments in Junta's Fast-Track Conscription, the Irrawaddy, 8 February 2025

ဖြင့် သွားနေစဉ် စစ်ဆေးရေးဂိတ်တွင် ရပ်တန့်၍ ၎င်းတို့ဖုန်း များအား စစ်သားများက စစ်ဆေးပြီးနောက် အချုပ်ခန်းသို့ ပို့ဆောင်ခံရသည်[၁၂]။ ဘီလင်းမြို့နယ်ရှိ စစ် အာဏာရှင်တပ်သားများ အနေဖြင့် လူငယ်များအား အကြီးအကျယ်ဖမ်းဆီးပြီး တချို့အား စစ်သင်တန်း သို့ ပို့ဆောင်၍ တချို့အား ခြိမ်းခြောက် ငွေညှစ်ကြသည်။ မွန်ပြည်နယ်တွင် အတင်းအကြပ် စစ်မှုထမ်းရန် စတင်ခဲ့ပြီးနောက် သင်တန်း အပတ်စဉ် ၁၀ ခုအတွင်း လူငယ် ၂၀၀၀ ကျော်ကို စစ်သင်တန်းပေးခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ တလအတွင်းမှာပင် မွန်ပြည်နယ်အတွင်း အတင်းအကြပ် စစ်မှုထမ်းရန် အနည်း ဆုံးလူငယ် ၆၀ ဖမ်းဆီးခံရပြီး ၁၅ ဦးကျော်မှာ စစ်မှုထမ်းရန် အတင်းအကြပ် ပို့ဆောင်ခံရသည်[၁၃]။ လူငယ် အမျိုးသမီး၊ အမျိုးသား အများအပြားဖမ်းဆီးခံရ၍ အသက်မပြည့်သေးသူများမှာ ခြေရာခံ၍ မရအောင် ပျောက်ဆုံးနေကြသည်။

အတင်းအကြပ် စစ်မှုထမ်းခြင်းအား ဆန့်ကျင်သည့် လူငယ်များအား စစ်အာဏာရှင်တို့က ကျေးလက်၊ ရပ်ကွက်များအတွင်း လိုက်လံရှာဖွေ၍ အပြစ်ပေးကြသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီကျေးရွာတွင် စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်း ကိစ္စအား လူမှုကွန်ရက်ပေါ်တင်၍ ဆန့်ကျင်ခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် ရွာသား ၁၀ ဦး ဖမ်းဆီးခံရသည်[၁၄]။ လက်ရှိ အခြေအနေတွင် ဘဝလုံခြုံရေးနှင့် ရှေ့ရေး မသေခြာမှုများကြောင့် မြန် မာပြည်သူများအတွက် အခက်အခဲပေါင်းစုံဖြစ်ပေါ်စေပြီး နိုင်ငံရေးနှင့် ကြောက်မက်ဖွယ် စစ်ပွဲများတွင် မပါဝင်လိုကြပေ။

အရပ်သားပြည်သူများမှာ ၎င်းတို့၏ ဘဝအတွက် စိုးရိမ်ပူပန်မှုကို မထိန်းချုပ်နိုင်သဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စိန်ခေါ်မှုများ သိသိသာသာ ဖြစ်ပေါ်လာသည်။ အများစုမှာ "စိုးရိမ်ကြောင့်ကြခြင်း၊ စိတ် ကျခြင်းနှင့် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် စိတ်ဒဏ်ရာရရှိကြသည်။ မိသားစုဝင်များမှာလည်း ၎င်းတို့ ချစ်ခင်ရသူများ၏ ကံကြမ္မာနှင့် ပတ်သက်ပြီး ပူပင်သောကရောက်ကြရပြီး လူ့အသိုင်းအဝိုင်း မှာလည်း ၎င်းတို့၏ အနာဂတန်နှင့် အခွင့်အလန်းများ ခိုးယူခံရသဖြင့် ဖွက်ဖွက်ညက်ညက်ကြေ နေသည်"[၁၅]။

စစ်အာဏာရှင်များက လာရောက်စစ်ဆေးစဉ်တွင် အမျိုးသား (သို့မဟုတ်) အမျိုးသမီးများ အိမ်၌မရှိသည့်အခါ သက်ကြီးရွယ်အို အပါအဝင် အခြားမိသားစုဝင်များမှာ ၎င်းတို့အစားစစ်တပ်အတွက် စစ်မှု ထမ်းပေးကြရသည်။

13. Ibid
14. January 2025 Monthly Overview, the Human Rights Foundation of Monland, 2025
15. APHR Denounces Myanmar's Forced Conscription of Youth, Calls for Urgent International Action, ASEAN Parliamentarians for Human Rights, 19 December 2024

လက်ရှိအခြေအနေကြောင့် ဖြစ်ပေါ်လာသည့် စိတ်ဖိစီးမှုမှာ အကယ်၍ မိသားစုဝင်များက စစ်တပ်၏ တောင်းဆိုမှုကို စိန်ခေါ်ခြင်း (သို့မဟုတ်) ငြင်းဆိုသည့်အခါ လက်တုန့်ပြန်ခံရမည်ကို စိုးရိမ်ကြခြင်း ဖြစ်သည်။ အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခြင်းကြောင့် မိသားစုတာဝန်ကို မမျှတစွာ ထမ်းဆောင်ကြရသည်။ မိသားစုဝင်များ အတင်းအကြပ် စစ်မှုထမ်းခံရချိန်တွင် ကလေးများက ၎င်းတို့အစား မိသားစု စားဝတ်နေရေးအတွက် တာဝန်ယူကြရသည်။

တနင်္သာရီတိုင်းဒေသကြီးမှ အသက် ၂၁ နှစ်အရွယ် အမျိုးသမီးတဦးသည် စစ်မှုထမ်းရန် ဆင့်ခေါ်စာ ရသည့်အခါ သူ့ရွာမှ တိမ်းရှောင်သွားသည်။ သူမအနေဖြင့် ကျောင်းဆရာအဖြစ် မိသားစုကို ကျွေးမွေး စောင့်ရှောက်နေခြင်း ဖြစ်သည်။ ယခုအခါ သူမအနေဖြင့် နယ်စပ်ဒေသသို့ရောက်ရှိနေပြီး အလုပ်လည်း ဆက်မလုပ်နိုင်သကဲ့သို့ မိသားစုနှင့်လည်း ဆုံတွေ့နိုင်ခြင်းမရှိပေ။ အတင်းအကြပ် စစ်မှုထမ်းစေခြင်းမှာ စစ်အာဏာရှင်တို့၏ မူဝါဒတခု သက်သက်မျှသာ မဟုတ်ဘဲ မိသားစုများနှင့် လူ့အသိုင်းအဝိုင်း အထူးသ ဖြင့် အမျိုးသမီးများအား တိုက်ရိုက်ထိုးနှက်မှုလည်း ဖြစ်သည်။

စစ်မှုထမ်းရန် လူငယ်အမျိုးသားများနှင့် ရံဖန်ရံခါတွင် အမျိုးသမီးများအား အတင်းအကြပ် စာရင်းသွင်း စုဆောင်းကြသည့် မိသားစုဝင်များမှာ ၎င်းတို့အား ဝင်ငွေရှာဖွေပေးသူများ ဆုံးရှုံးကြရသည်။ ရပ် ရွာအသိုင်းအဝိုင်းတွင် အရွယ်ရောက်ပြီးသူများက မိသားစုဝင်ငွေကို အဓိက ရှာဖွေပေးသူများဖြစ်ကြ ပြီး လယ်ယာလုပ်ငန်းခွင်တွင် ကူညီပေးခြင်း၊ ငယ်ရွယ်သူများနှင့် သက်ကြီးရွယ်အိုများအား စောင့် ရှောက်ပေးကြသည်။ ထိုသို့မိသားစုများမှ အားထားရသူများ ဆုံးရှုံးရသည့်အခါ မိသားစုဘဝကို ထိခိုက်စေပြီး ကျန်ရစ်ခဲ့သူများအပေါ် ဖိအားများ ပိုမိုရရှိစေသည်[၁၆]။

HURFOM ၏ မှတ်တမ်းများအရ

*“အသက်မပြည့်သေးသည့် ကလေးများအနေဖြင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ စက်ဘီးပြင်ဆိုင်နှင့် ကုန်စုံဆိုင်များတွင် ဝင်ရောက်လုပ်ကိုင်ရသည်။ နိုင်ငံရေးအကြပ်အတည်းကြောင့်လည်း အလုပ်သမားဈေးကွက်ကို ကွာဟချက် ဖြစ်ပေါ်စေသည်။ မွန် ပြည်နယ် မော်လမြိုင်မြို့တွင် အသက် ၁၂ နှစ်မှ ၁၆ နှစ် အတွင်း ကလေးအလုပ်သမားများအပေါ် ချိုး ဖောက်မှုများ ပို၍များလာပြီး ၎င်းတို့၏ လုပ်အားခမှာလည်း ခေါင်းပုံဖြတ်ခံနေရသည်” [၁၇]။*

လူငယ်များအနေဖြင့် စစ်မှုထမ်းရန် အတင်းအကြပ် စာရင်းပေးသွင်းခံရပြီးနောက် သင်တန်းတက် ရောက်စဉ် သေဆုံးသည့် သတင်းများလည်းရှိသည်။ အသက် ၂၇ နှစ်ရှိ ကိုကိုလတ်မှာ ၂၀၂၄ ခုနှစ် မတ်လတွင် စစ်တပ်၏ အတင်းအကြပ် လူသစ်စုဆောင်းခံရပြီးနောက် ထိန်းသိမ်းခံထားရစဉ် သေဆုံးသွားသည်[၁၈]။ မိသားစုဝင်များနှင့် သူငယ်ချင်းများ၏ အဆိုရ သေဆုံးသူ၏ မျက်နှာတဝိုက်တွင် သွေးများတွေ့ရသည့်အတွက် ထိုးကြိတ် ခံရဖွယ်ရှိသည်။ သို့သော်လည်း စစ်တပ်ကမူ ၎င်းသေဆုံးမှုနှင့် ပတ်သက်ပြီး ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသည်။

16. Forced to Enlist, the Human Rights Foundation of Monland, December 2024
17. Forced to Fight, the Human Rights Foundation of Monland, 7 May 2024
18. Myanmar Junta Blamed for Muslim Conscript's Death, the Irrawaddy, 5 April 2024

**စစ်ကောင်စီသည် မွန်ပြည်နယ်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ ဒေသဆိုင်ရာအာဏာပိုင်များသည် စစ်မှုထမ်း အပတ်စဉ် ၁၁ အတွက် အတင်းကြပ်စစ်မှုထမ်းခြင်း လူသစ်စုဆောင်းမှုကို အရှိန်အဟုန်ဖြင့်လုပ်ဆောင်လျှက်ရှိ ပါသည်။ (ဓါတ်ပုံ – HURFOM)**



အမျိုးသားလူငယ်ကွန်ဂရက် (National Youth Congress) ၏ "Exposing Abuses and Ending Exploitation: Combating Forced Recruitment of Young People in Myanmar," အစီရင်ခံစာအရ မြန်မာစစ်တပ်၏ စစ်မှုထမ်း ရန် စာရင်းသွင်းခံရသူ အများစုသည် အတင်းအကြပ် လူသစ်စုဆောင်းခံရ ခြင်းဖြစ်သည် (၈၈၆ ဦးတွင် ၅၆၀ ဦး) ဟု ဖော်ပြထားပြီး ခြိမ်းခြောက်လူသစ်စုဆောင်းခံရမှု ၂၆၀ နှင့် အဓမ္မဖမ်းဆီး စုဆောင်းခံရမှု ၆၆ ရှိသည်[၁၉]။ အမျိုးသမီးများ စစ်မှုထမ်းရန် စာရင်းမှာ အမျိုးသားများ ထက်စာလျှင် နည်းပါးသော်လည်း ၎င်းတို့အပေါ် သက်ရောက်မှုနှင့် စိုးရိမ်ရမှု မှာ နည်းပါးသည်မဟုတ်ပေ။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တလတည်းတွင်ပင် စစ်အာဏာရှင်တို့က အရပ်သား ၁၀၀ ကျော် အား အတင်းအဓမ္မ ဖမ်းဆီးခဲ့ရာ ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များပင်ပါဝင်သည်[၂၀]။ စစ်မှုထမ်းရန် လက်ထပ် ထားသူ အမျိုးသမီးများ ကင်းလွတ်ခွင့်ရသော်လည်း စစ်မှုထမ်း ရမည့်စာရင်းတွင် လက်ထပ်ထားသည့် အမျိုးသမီး များ ပါဝင်နေသည်ကိုတွေ့ရသည်[၂၁]။

***HURFOM မှ ရရှိသည့် မွန်ပြည်နယ် မော်လမြိုင်မှ အမျိုးသမီးတဦး၏ ထွက်ဆိုချက်တွင် "စစ်တပ် က လူငယ် တွေ ရနိုင်သလောက် ရအောင် စုဆောင်းနေတယ်။ ရပ်ကွက် တရပ်ကွက်ကို လူငယ် ၃ ယောက် မဖြစ်မနေ ပေးရ တယ်။ တချို့အခြေအနေတွေဆိုရင် အိမ်ထောင်စုတွေမှာ ယောကျ်ားသားရယ်လို့ မရှိ တော့ အမျိုးသမီးတွေကို ခေါ် သွားတယ်။ ပြည်သူ့စစ်တွေက တအိမ်တက်ဆင်းနဲ့ လိုက်လံခြိမ်းခြောက် နေတယ်"[၂၂]။***

19. Exposing Abuses and Ending Exploitation: Combating Forced Recruitment of Young People in Myanmar," The National Youth Congress
20. February 2025 Monthly Overview, the Human Rights Foundation of Monland, 2025
21. February 2025 Monthly Overview, the Human Rights Foundation of Monland, 2025
22. Forced to Enlist, the Human Rights Foundation of Monland, December 2024

နောက်ထပ် ဖြစ်ရပ်တခုမှာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ညတညတွင် စစ်အာဏာရှင်များက ညေ့်စာရင်းစစ် သည့်ဟန်ဆောင်၍ မွန်ပြည်နယ် သထုံမြို့နယ်မှ အမျိုးသမီး ၅ ဦးအား ဖမ်းဆီးသွားသည်။ ထို့နောက် အမျိုးသမီးများအား စစ်သင်တန်းကျောင်းသို့ ခေါ်ဆောင်သွားသည်။ စစ်တပ်မှထိုသို့ အတင်းအကြပ် စုဆောင်းနေသည့်အပေါ် စိုးရိမ်မှုများ တိုးပွားလာနေသည်[23]။ အသက် ၂၀ မှ ၂၅ နှစ်အတွင်း အမျိုးသမီး များအား ညနက်ပိုင်းတွင် စစ်သားများက ခေါ်ဆောင်ထိန်းသိမ်း၍ ၎င်းတို့၏ ဖုန်းများအား စစ်ဆေးပြီး နိုင်ငံရေးနှင့်ပတ်သက်သည့် လှုပ်ရှားမှုများတွေ့ရှိပါက ဖမ်းဆီးကြသည်[24]။

ခရီးသွားလာမှုအပေါ်လည်း တင်းကြပ်စွာ ထိန်းချုပ်ထားပြီး နိုင်ငံတွင်း တရားဝင်သွားလာရာတွင်ပင် အန္တရာယ်ရှိလာသည်။ စစ်မှုထမ်းရန် သတ်မှတ်ထားသည့် အသက်အရွယ်အပိုင်းအခြားရှိသည့် လူငယ်များ လေကြောင်းဖြင့် ပြည်ပသို့ထွက်ခွာမှုကို ပိတ်ပင်ထားသည်[25]။ ထိုသို့ပြုလုပ်မှုကြောင့် ဝင်ရောက်စီးနင်းခြင်း၊ တိုက်ခိုက်လုယူခြင်းနှင့် အတင်းအကြပ် ဖမ်းဆီးခြင်းတို့ ရှိနေသည့် စစ်တပ်တပ်စွဲထားသော လူ့အသိုင်းအဝိုင်းတွင် စိုးရိမ်ကြောင့်ကြမှုများ ပို၍ဆိုးရွားလာစေသည်။

မိသားစုဝင်များအပေါ် ရေရှည် စီးပွားကြပ်တည်းမှု ဖြစ်စေပြီး ခင်ပွန်းနှင့် သားများ၏ အသက်မွေး ဝမ်းကျောင်းလုပ်ငန်း အထောက်အပံ့အပေါ် မှီခိုနေရသည်။ စစ်အာဏာသိမ်းချိန်မှစ၍ အလုပ်အကိုင် အနည်းအကျဉ်းမှ ဝင်ငွေရရှိစေရန်နှင့် မိသားစုအတွက် စီမံထိန်းသိမ်းခြင်းအပါအဝင် အမျိုးသမီးအများစုမှာ ယခုအခါတွင် မိသားစုတာဝန်များ ထမ်းဆောင်နေရ။ HURFOM မှ ထုတ်ပြန်သည့် Voice Up အစီရင်ခံစာများတွင် *“အတင်းအကြပ် စစ်မှုထမ်းစေခြင်းကြောင့် အမျိုးသမီးနှင့် ကလေးများအပေါ် အပြင်းအထန် ထိခိုက်စေသည်။ အလုပ်လုပ်သူ အနည်းငယ်သာရှိသည့် မိသားစုများတွင် မိခင်နှင့် ဇနီးများမှာ ပင်ပန်းပြီး လုပ်ခအ နည်းအကျဉ်းသာရသည့် အလုပ်များ လုပ်ကိုင်၍ အသက်ရှင်ရပ်တည်ကြရသည်။ တချို့မိသားစုများမှာ ငွေချေးရပ်တည်ကြပြီး တချို့မှာ အစားအသောက်ချိုးခြံခြင်း သို့မဟုတ် ကလေးများအား ကျောင်းထုတ်၍ လုပ်ငန်းခွင်တွင် ဝင်ရောက် ကူညီခိုင်းကြရသည်”*[26]။

စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်းကြောင့် နောက်ထပ် ရှုပ်ထွေးမှုမှာ အလုပ်သမား ဈေးကွက်အပေါ် သက်ရောက်မှုဖြစ်သည်။ အမျိုးသမီးနှင့် ကလေးများမှာ အလုပ်လုပ်လာကြရပြီး ထိလွယ်ရှလွယ် အုပ်စုများအပေါ် နောက်ထပ် ခေါင်းပုံဖြတ်မှုများဖြစ်လာသည်။

23. January 2025 Monthly Overview, the Human Rights Foundation of Monland, 2025
24. Ibid
25. Myanmar junta authorities prevent young adults from leaving the country by air, Radio Free Asia, September 8, 2024
26. Voice Up Volume 2, Issue 1: 5 December 2024 - March 2025, Human Rights Foundation of Monland, 19 March 2025

စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်းကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးနှင့် မိန်းက လေးငယ်များ၏ လွတ်လပ်မှုနှင့် အကာအကွယ်ပေးရန်အတွက် ထိခိုက်မှုရှိသည်။ သမိုင်းအစဉ်အလာအရ စစ်တပ်သည် အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ကျူးလွန်ကြသည်။ စစ်တပ်မှ စနစ်တကျကျူးလွန်သည့် အကြမ်းဖက်မှု ပုံစံများနှင့် ပဋိပက္ခနှင့်ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်းရင်းသူအမျိုးသမီး အဖွဲ့အစည်းများမှ စနစ်တကျမှတ်တမ်းတင်ပြီး ကျူးလွန်သူများ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်မှုအဆုံးသတ် ရန် ထပ်ကာ ထပ်ကာ တောင်းဆိုကြသည်။ စစ်အာဏာရှင်တို့သည် အမျိုးသမီးများအပေါ် ကျူးလွန်မှုများရှိနေသော်လည်း အပြစ်ပေးခြင်းမခံရသဖြင့် နောက်ထပ်ကျူးလွန်မှုများ ဆက်လက်ကျူးလွန်ရန် အားပေးအား မြှောက်ပြုရာရောက်နေသည်။

အကယ်၍ အတင်းအကြပ် စစ်မှုထမ်းရပါက အမျိုးသမီးနှင့် မိန်းကလေးငယ်များအနေဖြင့် သိသာ ထင်ရှားသည့် အန္တရာယ်များနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ စစ်တပ်မှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရသူများအပေါ် အကာအကွယ်ပေးရန် အချက်များကိုလည်း ဖယ်ရှားနေသဖြင့် စစ်တပ်အနေဖြင့် မဖြစ်မနေ တာဝန်ယူ တာဝန်ခံရမည့် ကျူးလွန်မှုများအပေါ် တာဝန်ယူတာဝန်ခံခြင်း မရှိတော့ပေ။ ထို့ အပြင် မြန်မာပြည်ရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးရန် သီးသန့်ပြဋ္ဌာန်းထားသည့် ဥပဒေများမှာလည်း အားနည်းခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ခြင်း မရှိပေ။

## မြန်မာနိုင်ငံရှိ ကျားမ တန်းတူညီမျှမှုမရှိသည့် နောက်ခံအခြေအနေ

စစ်အာဏာရှင်တို့အနေဖြင့် ဥပဒေရေးရာ ယန္တရားများ အားကောင်းမှုမရှိစေရန် ပိတ်ဆို့ခြင်းနှင့် နှောင့်နှေးရန် စဉ်ဆက်မပြတ် ကြိုးပမ်းနေသည်။ စစ်အာဏာရှင်တို့ ကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဝင်များအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး (PoVAW) အဆိုပြုဥပဒေအား ဖျက်လိုဖျက်ဆီးပြုလုပ်ခဲ့သည်။

ဥပဒေသည် အကြမ်းဖက်မှုမှ အသက်ရှင်လွတ်မြောက်လာသူများအား ကာကွယ်ပေးရန်နှင့် တာဝန်ခံ တာဝန်မှုရှိလာစေရန်အတွက် အဓိပ္ပါယ်ရှိသည့် ခြေလှမ်းဖြင့် စတင်ခဲ့သည်။ သို့သော်လည်း မူကြမ်းတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အဓမ္မပြုကျင့်ခြင်းနှင့် ကြိုတင်သဘောတူခွင့်ပြု

မှု အပါအဝင် ရှင်းလင်းပြည့်စုံစွာ အဓိပ္ပါယ်ဖွင့်ဆိုမှုများ အားနည်းသည်[၂၇]။ နောက်ဆုံးတွင် ထိုဥပဒေမှာ ဥပဒေအဖြစ် အတည်ပြုခြင်း (သို့မဟုတ်) အသက်ဝင်ခြင်းမရှိဘဲ ကျားမ တန်းတူညီမျှမှုနှင့်ပတ်သက်၍ ရှေ့သို့မရောက်ဘဲ အဟန့်အတား တခုအဖြစ်သာ ကျန်ခဲ့သည်။

ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လက်ထက်တွင် ဖိုဝါဒ ကြီးစိုးမှုကို ရပ်တန့်ရန်မှာလည်း အလုပ်မဖြစ်ခဲ့ပေ[၂၈]။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မအောင်မြင်သည့် အာဏာသိမ်းချိန်မှစ၍ အမျိုးသမီးများအပေါ် အကြမ်း ဖက်မှာပို၍များပြားလာသည်[၂၉]။ ပြည်တွင်း တရားမျှတရေး လမ်းကြောင်းများမှာလည်း စစ်အာဏာ ရှင်တို့ကြောင့် လျော့ပါးချိန့်နေပြီး တရားရုံးများနှင့် တရားစီရင်ရေးစနစ်များမှာလည်း အာဏာရှင်တို့၏ လက်ထဲတွင်ရှိနေသည်။ စစ်သားများအခြေချ တပ်စွဲထားသည့် ဒေသများရှိ အမျိုးသမီးနှင့် မိန်းမပျိုများ ဘဝလုံခြုံမှုမရှိကြောင်း သက်သေအထောက်ထားအများအပြားရှိ၍ ၎င်းတို့လက်အောက်တွင် အတင်း အကြပ် စစ်မှုထမ်းရမည့် အမျိုးသမီးများ၏ လုံခြုံမှုမှာ စိုးရိမ်စရာဖြစ်သည်။

ဥပမာအနေဖြင့် စစ်တပ်မှ ထိန်းချုပ်ထားသည့် အကျဉ်းထောင်များရှိ အမျိုးသမီးနိုင်ငံရေး အကျဉ်းသူများမှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ နှိမ်နင်းမှုအတွင်း ရိုက်နှက်ခံရ၊ လေးဂွဖြင့်ပင် ပစ်ခတ်ခံကြရသည်[၃၀]။ HURFOM ၏ သီးခြား မှတ်တမ်းများအရ မွန်ပြည်နယ် ကျိုက်မရောထောင်တွင် ၂၀၂၄ ဇွန်လက ဒဏ်ရာ ရထားသည့် အကျဉ်းသားအား လျစ်လျူရှုထားမှုအပေါ် ဆန္ဒပြသည့် အမျိုးသမီးအကျဉ်းသူများအနေဖြင့် အကြမ်းဖက်ခံရသည်။ အကျဉ်းထောင်စောင့်များက အမျိုးသမီးများအား ရိုက်နှက်ကြပြီး နောက် နေ့တွင် လူခွဲ၍ထိန်းသိမ်းထားသည်။

ND–Burma အဖွဲ့ဝင်ဖြစ်သည့် AAPP ၏ မှတ်တမ်းများအရလည်း အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့်နှုန်း မြင့်မားစွာရှိနေသည်။ “၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာရှင်တို့ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ နိုင်ငံတဝှန်း အကျဉ်းထောင်များရှိ အမျိုးသမီး၊ ကလေး၊ လိင်စိတ်ခံယူမှု ကွဲပြားသူများနှင့် အမျိုးသားများသည် စစ်သား၊ ရဲနှင့် အကျဉ်းထောင်ဝန်ထမ်းတို့၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံကြရသည်”[၃၁]။

ထို့ကြောင့် ဖော်ပြပါ ဖြစ်ရပ်များနှင့် မတင်ပြနိုင်သေးသည့် ဖြစ်ရပ်များကြောင့် စစ်အာဏာရှင် လက်အောက်ရှိ အမျိုးသမီးနှင့် မိန်းမပျိုများ၏ လုံခြုံရေးမှာ တိုက်ရိုက်ခြိမ်းခြောက်ခံနေရသည်မှာ ထင်ရှားသည်။

---

27. Procedural and Substantive Suggestions for the Proposed Protection and Prevention of Violence Against Women Law, the Women's League of Burma, February 2019
28. Women's Participation in Politics Undermined by the NLD, The Irrawaddy, 9 May 2019
29. Over 660 Women Killed by Myanmar Junta Forces Since Coup, The Irrawaddy, 6 December 2023
30. Female political prisoners brutally beaten in Mandalay's Obo Prison, Myanmar Now, 14 February 2024
31. Women Subjected to Sexual Violence during the Spring Revolution under the Military Coup, 1 March 2024

အမျိုးသမီးများမှာ ၎င်းတို့၏နေအိမ်၊ လုပ်ငန်းခွင်နှင့် ခရီးသွားလာနေစဉ် အတင်းအကြပ် ခေါ်ဆောင် သွားခြင်းခံရသည်။ ဖြစ်ရပ်အများအပြားတွင် ဖမ်းဆီးစဉ် တစုံတရာရှင်းလင်းပြောကြား ခြင်းမရှိဘဲ နောက်ပိုင်းတွင် အတင်းအကြပ် စစ်မှုထမ်းခိုင်းသည်။ အမျိုးသမီးများ အတင်းအကြပ် စစ်မှုထမ်းကြရာ တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ နှောင့်ယှက်မှုနှင့် မတော်မတရား ပြုကျင့်ခံရ နိုင်သည့် အန္တရာယ် ကြီးစွာရှိသည်။

စစ်တပ်၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရာဇဝင်ကြောင့် မိသားစုဝင်များမှာ ၎င်း တို့၏ သမီးများလုံခြုံရေးအတွက် စိုးရိမ်ပူပန်ကြသည်။ ထို့အပြင် လုံခြုံရေးအဖွဲ့များက စစ်မှုထမ်း ရန် တအိမ်တက် ဆင်းလိုက်လံရှာဖွေရာတွင် လူငယ်အမျိုးသားများအား မတွေ့ပါက မိန်းမပျိုများ ကို အတင်းအဓမ္မ ခေါ်ဆောင်သွားကြသည်။ အမျိုးသမီးငယ်များမှာ ၎င်းတို့အိမ်များမှ အတင်းအကြပ် ဖမ်းဆီးခံရ၍ မိသားစု ဝင်များအနေဖြင့် ဝမ်းနည်းခြင်းနှင့် စိုးရိမ်ပူပန်ခြင်းကြရသည်။

ND-Burma အဖွဲ့ဝင်ဖြစ်သည့် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) မှ အကယ်၍ အမျိုးသမီးနှင့် မိန်းမပျိုများ စစ်တပ်အတွင်း အတင်းအကြပ် လူသစ်စုဆောင်းခံရပါက ၎င်းတို့ အနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း၊ ကျားမအခြေပြု အကြမ်းဖက်မှုနှင့် မတော်မတရား ပြုမှုတို့ ခံရနိုင်သည့် အန္တရာယ် စိန်ခေါ်မှုများနှင့် ကြုံရနိုင်သည်။ စစ်သားများအတွက် သန့်ရှင်းရေး နှင့် ချက်ပြုတ်ရေး၊ လေးပင်သည့် ပစ္စည်းများ ထမ်းပိုးရခြင်း၊ စစ်လက်နက်ပစ္စည်းများ သယ်ယူခြင်း နှင့် သတင်းပေးခြင်း အပါအဝင် အတင်းအဓမ္မလုပ်အားပေး စေခိုင်းခံရခြင်းများ ကြုံတွေ့နိုင်သည်။ နောက်ထပ် တိုက်ရိုက် သက်ရောက်မှုမှာ ရှေ့တန်းစစ်မြေပြင်တွင် လူသားဒိုင်းကာအဖြစ် အသုံးချခံရ ခြင်းဖြစ်သည်ဟု ပြော သည်။

အမျိုးသမီးများနှင့် မိန်းမပျိုများ စစ်တပ်အတွက် အတင်းအဓမ္မ စစ်မှုထမ်းခံရပါက–

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

စစ်တပ်အနေဖြင့် စစ်ပွဲအတွင်း အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကို လက်နက်သဖွယ် အသုံးပြုသဖြင့် အတင်းအကြပ် စစ်မှုထမ်းရသည့် အမျိုးသမီးများ အတွက် အန္တရာယ်အရမ်းများသည်။ လွန်ခဲ့သည့်နှစ်က စစ်တပ်မှ အမျိုးသမီးများ အတင်းအကြပ်စစ်မှုထမ်း ရန် ကြေငြာပြီးနောက် အမျိုးသမီးအဖွဲ့အစည်းများက ထုတ်ပြန် ရာတွင်–

*“အတင်းအကြပ် စစ်မှုထမ်းခံရသည့် အမျိုးသမီးများအနေဖြင့် အဓမ္မပြုကျင့်ခံရခြင်း၊ အုပ်စုလိုက် အဓမ္မပြုကျင့်ခံရခြင်း၊ လိင်ကျွန်အဖြစ် အသုံးချခံရခြင်းနှင့် တခြားသော လူမဆန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အတူ စစ်တပ်မှ နှစ်ကာလ ကြာရှည်စွာ ကျူးလွန်နေသည့် ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ခံရနိုင်သည်”[32] ။*

**စစ်တပ်အတွင်း အမျိုးသမီးများ လုံခြုံရေးအတွက် အာမခံချက် မရှိသည့်အတွက် အဆိုပါ သတိပေးချက်ကို အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်သည်။**

ကရင်ပြည်နယ် ကော့ကရိတ်တွင် တက္ကသိုလ်အဆောင်မှ အမျိုးသမီးငယ် ၅ ဦး အတင်း အကြပ်ခေါ်ဆောင်ခံရ၍ စစ်သင်တန်းကျောင်းသို့ပို့ခံရပြီး စစ်တပ်အတွက် ချက်ပြုတ် ခြင်းနှင့် ထောက်ပို့ကိစ္စများ ဆောင်ရွက်ပေးရသည်။ တချို့မှာ လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှု ခံကြရသည်ဟု HURFOM ၏ မှတ်တမ်းများအရ သိရသည်။

ND–Burma အဖွဲ့ဝင် ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) မှ လေ့လာမှုအရ ၎င်းတို့ရပ် ရွာမှ တိမ်းရှောင်လာပြီး တော်လှန်ရေး အင်အားစုများထံ ဝင်ရောက်သည့် အမျိုးသ မီးနှင့် မိန်းမပျိုများသည် လိင်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ခံရ သည်ဟုဆိုသည်။ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) မှလည်း စစ်တပ်အတွက် အတင်းအကြပ် လူသစ်စုဆောင်းခံရသည့် အမျိုးသမီးနှင့် မိန်းမပျိုများသည် စစ်တပ် တွင်း သို့မဟုတ် သင်တန်းကာလ အတွင်း ခွဲခြား ဆက်ဆံခံရနိုင်သည်ဟု ဆိုသည်။

အမျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မဖွယ်မရာပြုမှုကို ခံရနိုင် ပြီး လိင်ဖျော်ဖြေရေးနှင့် ပုံစံမျိုးစုံဖြင့် လိင်အမြတ်ထုတ်ခံရနိုင်သည်။ အမျိုးသမီးနှင့် ဆိုင်သည့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့်လည်း ကြုံရနိုင်သည်။ ထို့အပြင် အတင်းအဓမ္မခိုင်းစေခံရနိုင်ခြင်း၊ မိုင်းကဲ့သို့ စစ်လက်နက်ပစ္စည်းများ သယ်ဆောင်ရခြင်း၊ ညီမျှ မှုမရှိသည့် သင်တန်းနည်းလမ်းများ၊ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုနှင့် လုံလောက် သည့် အကာအကွယ်ပေးမှုများ မရှိခြင်းတို့ ကြုံရနိုင်သည်။

စစ်တပ်တွင် စစ်ပုံစံဖြင့်နေထိုင်ရာတွင် အမျိုးသမီးများအနေဖြင့် ပုဂ္ဂလိကလွတ်လပ် ခွင့်များ ဆုံးရှုံးရနိုင်သည်။ စစ်သင်တန်းကာလအတွင်း အိပ်စက်ခြင်းနှင့် ရေချိုးရာတွင် အမျိုးသမီး အမျိုးသားသီးသန့် ခွဲခြားထားရန်လိုသည်။ အဆိုပါနေရာများ ပူးတွဲအသုံးပြုရပါက အမျိုးသမီးများသည် အမျိုးသားများအတွက် ဖျော်ဖြေရန်ဖြစ်နေမည်ဖြစ်၍ အမျိုးသမီးများအတွက် စိတ်ပျက်စရာဖြစ်နေမည်။

ထိုအခြေအနေများကြောင့် အမျိုးသမီးများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်စေ မည်ဖြစ်သည်။ အမျိုးသမီးများ စစ်မှုထမ်းရန် စေခိုင်းခံရပါက စိတ်ဖိစီးမှု၊ ကြောက်ရွံ့မှု နှင့် ရှေ့ရေးအတွက် မရေရာမှုများကြောင့် စိတ်ပူပင်သောက ရောက်ကြရမည်ဖြစ်သည်။ ၎င်းတို့အား ရှေ့တန်းစစ်မြေပြင်သို့ စေလွှတ်ပါက ဒဏ်ရာရရှိနိုင်ခြင်းနှင့် ခွန်အားကွာဟမှုကြောင့် အသက်ဆုံးရှုံးနိုင်သည်။

32. Women Organizations’ Joint-Statement on Conscription Law by the Junta in Myanmar, Sisters to Sisters, 9 March 2024.

## လူကုန်ကူးခံရခြင်း

အမျိုးသမီးများ အတင်းအကြပ် စစ်မှုထမ်းခံရခြင်းမှ လွတ်မြောက်ရန် တိမ်းရှောင်မှုများ များလာသဖြင့် လူကုန်ကူးခံရနိုင်သည့် အန္တရာယ်ရှိနေသည်။ နိုင်ငံတွင်းမှ တိမ်းရှောင်လာ သည့် အမျိုးသမီးများအား နိုင်ငံခြားတွင် အလုပ်ကောင်းကောင်း ရမည်ဟု အယုံသွင်း၍ လူကုန်ကူးမှုများနှင့် ကြုံရနိုင်ပြီး ၎င်းတို့အား အကာအကွယ်ပေးမည့် နည်းလမ်းများလည်း မရှိပေ။ LGBTQI များမှာလည်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် စစ်အာဏာရှင်တို့၏ ခွဲခြား ဆက်ဆံမှုကို ခံရနိုင်သည်[၃၃]။

TWU မှ မျှဝေသည့် အစီရင်ခံစာတွင် "အလုပ်သမား အေးဂျင့်" များမှ ထိုင်း၊ လာအို၊ မလေး ရှား၊ ဒူဘိုင်း နှင့် တရုတ် နိုင်ငံများတွင် အလုပ်ကောင်းကောင်းရမည်ဟုဆိုကာ အမျိုးသမီး နှင့် မိန်းမပျိုများအား လူကုန်ကူးကြသည်။ ထိုအမျိုးသမီးများမှာ ပုန်းအောင်းနေထိုင်ရပြီး အခက်အခဲ အကြပ်အတည်း ပေါင်းစုံနှင့်သာ နေထိုင်ကြရသည်။ ထိုနည်းတူစွာပင် လူကုန် ကူးခံရသူများအပါအဝင် လုပ်သားများစွာမှာ ၎င်းတို့နေထိုင်ရာနှင့် လုပ်ငန်းခွင်တွင် ဖမ်းဆီးခံကြရသည်။ နိုင်ငံရပ်ခြားတွင် ထိုသို့ဖမ်းဆီးခံရသည့် လူငယ်အမျိုးသမီးနှင့် အမျိုးသားများ အား နေရပ်ရင်းပြန်ပို့ပါက စစ်အာဏာရှင်တို့လက်အတွင်း ပြန်လည်ကျရောက်ပြီး အတင်း အကြပ် စစ်မှုထမ်းခံရနိုင်သည်။

မအောင်မြင်သည့် အာဏာသိမ်းမှု နောက်ဆက်တွဲအဖြစ် အမျိုးသမီးများမှာ ကျားမအခြေပြု မလုံခြုံမှုများ ပို၍ကြုံတွေ့လာရခြင်း၊ စိတ်ပူပင်သောကရောက်ခြင်း၊ ဘဝတ လျှောက်လုံးအတွက် ခြိမ်းခြောက်မှုများနှင့် ကျန်းမာရေး နှင့် မညီညွတ်သည့် နေထိုင်မှုပုံစံများနှင့် နေထိုင်ကြရသည်ဟု TWO က ထပ်လောင်းပြောဆိုသည်။

အတင်းအကြပ်စစ်မှုထမ်းစေခြင်းကြောင့် အမျိုးသမီးများအနေဖြင့် နောက်ထပ် အန္တရာယ်များအဖြစ် လိင်ဖျော်ဖြေသူများအဖြစ် အမြတ်ထုတ်ခံရခြင်း၊ ခြိမ်းခြောက်မှုများ ခံရနိုင်ခြင်း၊ သဘောတူခွင့်ပြုချက်မရှိဘဲ အတင်းအကြပ် စေခိုင်းခံရခြင်းနှင့် ပြည့်တန် ဆာအဖြစ် အချိန်မရွေးခိုင်းစေခံရနိုင်သည်။ ထို့အပြင် အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့် အကြမ်းဖက်ခြင်းနှင့် မတရားဖိနှိပ်သည့်အပေါ် နှုတ်ဆိတ်နေစေရန်နှင့် အချက်အလက်များ ဖျက်ဆီးခြင်းခံရနိုင်သည်။ ထိုပြဿနာများ ဖြေရှင်းရန်အတွက် တိုင်ကြားနိုင်သည့် ယန္တရားနှင့် အဖွဲ့အစည်းများလည်း မရှိပေ။

## စိတ်ဒဏ်ရာနှင့် သောကဗျာပါဒ

၎င်းတို့၏ သမီးများအား စစ်မှုထမ်းရန် အတင်းအကြပ် ခေါ်ဆောင်ခံရသည့် မိသားစုများ အနေဖြင့် စိုးရိမ်ပူပန်မှုများဖြင့် နေထိုင်ကြရသည်။ မိဘများအနေဖြင့် သမီးများအား ပုန်းအောင်းနေထိုင်စေခြင်းမှာ မဖြစ်နိုင်ဘဲ၊ အိမ်မှ တိမ်းရှောင်စေမည်လား သို့မဟုတ် စစ်မှု ထမ်းဆောင်စေမည်လားဆိုသည်ကို ဆုံးဖြတ်ကြရသည်။ သမီးများ

33. Myanmar's Women Face Significant Risks From Junta Conscription Drive, The Diplomat, 7 July 2024

စစ်မှုထမ်းခြင်းမှ ကာ ကွယ်ရန် မိသားစုလိုက် တိမ်းရှောင်ကြသဖြင့် လူမနေထိုင်သည့် ရွာလွတ်များရှိလာသည်။

ငယ်ရွယ်သည့် အမျိုးသမီးများ အထူးသဖြင့် အတင်းအကြပ်စစ်မှုထမ်း စေခိုင်းခံရခြင်း (သို့မဟုတ်) ပုန်းအောင်းနေရသူများတွင် စိတ်ပူပင် ကြောင့်ကြမှု၊ စိတ်ဓာတ်ကျမှု နှင့် PTSD (စိတ်ဖိစီးမှု သို့မဟုတ် ကြောက်မက်ဖွယ် အတွေ့အကြုံတို့ကြောင့် ရရှိလာသည့် စိတ်ဝေဒနာ) တို့ကို ခံစားကြရသည်။ HURFOM ၏ *"အတင်းအကြပ် စာရင်းသွင်းခြင်း" အစီရင်ခံစာ အရ အတင်းအကြပ်စစ်မှုထမ်းစေခြင်းကြောင့် ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာ ပြဿနာ ကို လျစ်လျူရှု၍မရပေ "အများအားဖြင့် ပြင်းထန်သည့် စိတ်ပူပန်သောက၊ စိတ်ဓာတ်ကျမှု နှင့် PTSD များ ကြုံတွေ့ခံစားကြရသည်။ အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခံရသည့် အမျိုး သမီးများအနေဖြင့် နောက်ထပ်တွေ့ကြုံရသည့် စိန်ခေါ်မှုမှာ စစ်သားများ၏ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခြင်းနှင့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများဖြစ်သည်"*[၃၄]။

HURFOM ၏ အဆိုအရ စစ်တပ်က တနင်္သာရီဒေသရှိ ကျေးရွာများမှ အမျိုးသမီးနှင့် က လေးများအား ၎င်းတို့၏ ဆွေမျိုးသားချင်း အမျိုးသားများ စစ်မှုထမ်းရန်အတွက် ဓားစာ ခံအဖြစ် ဖမ်းဆီးကြသည်။ အမျိုးသမီးများမှာ အကြမ်းဖက်ခံရမည်ဟု ခြိမ်းခြောက်ခံရပြီး ကလေးများအား ၎င်းတို့၏ ဆွေမျိုးသားချင်း အမျိုးသားများ စစ်မှုထမ်းပါမည်ဟု သဘော တူညီမှုရသည့်အချိန်ထိ ရေနှင့် အစားအသောက်များ မကျွေးဘဲထားသည်။ စစ်အာဏာရှင် တို့အနေဖြင့် ဒေသကို ထိန်းချုပ်ရန် ခက်ခဲလာသည့်အခါ ထိုနည်းလမ်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည်။ ထိုဖြစ်ရပ်များမှာ တနင်္သာရီဒေသတွင် စစ်အာဏာရှင်တို့က အတင်းအကြပ်စစ်မှုထမ်းစေရန် ဆောင်ရွက်မှုအဖြစ် သိသာထင်ရှားလာသည်။

စစ်အာဏာရှင်တို့၏ မူဝါဒကြောင့် လူငယ်လူရွယ်များ အထူးသဖြင့် တိုင်းရင်းသားဒေသ များတွင် အချိုးမမျှသည့် သက်ရောက်မှုများကြုံတွေ့ရသည်။ အများစုမှာ အတင်းအကြပ် စစ်မှုထမ်းစေခြင်းမှ လွတ်ကင်းစေရန်အတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ် ငန်းများကို စွန့်ခွာရခြင်းကြောင့် ကောင်းမွန်သည့်အနာဂတ်အတွက် အခွင့်အလန်းများဆုံးရှုံး ရသည့် လူငယ်မျိုးဆက်များ ဖြစ်လာသည်။

HURFOM ၏ မှတ်တမ်းများအရ မချိမဆန့်ခံစားရသည့် ဖြစ်ရပ်တခုမှာ ၁၉ နှစ်အရွယ် ကရင် မျိုးသမီးလေးသည် မိသားစု၏ လယ်မြေတွင် အလုပ်လုပ်နေစဉ် အတင်းအကြပ် စစ်သားစု ဆောင်းခံရခြင်းဖြစ်သည်။ သူမအနေဖြင့် စစ်မြေပြင်သို့ စေလွှတ်ခြင်းမခံရမီ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် စစ်စခန်းသို့ ပို့ဆောင်ခြင်းခံရသည်[၃၅]။

ထို့အပြင် လူငယ်အများအပြားမှာ စိတ်ကစင့်ကလျားဖြစ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် သေကြောင်းကြံစည်မှုများ သိသိသာသာ မြင့်မားလာသည်။ ထားဝယ်ဒေသရှိ အခြေအနေကို လေ့လာရာတွင်

34. Forced to Enlist, the Human Rights Foundation of Monland, December 2024
35. Ibid

## အတင်းအဓမ္မဖမ်းဆီးခြင်း

အမျိုးသမီးနှင့် မိန်းမပျိုများသည် အလားတူ အခြေအနေများကို ကြုံတွေ့ခံစားရသည်ဟု TWU မှ ပြောသည်။

စစ်အာဏာရှင်တို့က လယ်ယာလုပ်ငန်းခွင်မှ ပြန်လာသူများ သို့မဟုတ် တခြားရွာသို့ ခရီးသွားသူ ရွာသားများအား မကြာခန ဖမ်းဆီးကြသည်။ ဖမ်းဆီးကာစတွင် ပေါ်တာများအဖြစ် အမျိုးသမီးနှင့် မိန်းမပျိုများက စစ်လက်နက်ပစ္စည်းများအား အမျိုးသားများ နှင့်အတူ အတင်းအကြပ် သယ်ဆောင်ရသည်။ အခြားဖြစ်ရပ်များတွင် စစ်ကြောင်း၏ ထိပ်တွင် လူသား ဒိုင်းများအဖြစ် အထူးသဖြင့် စစ်ဖြစ်နေရာ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် အသုံးချခံရသည်။

ရက်စက်သည့် နည်းလမ်းများကြောင့် စစ်အာဏာရှင်တို့အနေဖြင့် မြင်မြင်သမျှဖမ်းဆီး ၍ အမြတ်ထုတ်သည့် စစ်မှုထမ်းမူဝါဒကို ကျင့်သုံးနေသည်ကို ဖော်ပြနေသည်။ ထို့အ ပြင် ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ နေရပ်စွန့်ခွာခြင်းနှင့် စစ်မက်ဖြစ်ပွားသည့် ဒေသများ တွင် အမျိုးသမီးနှင့် ၎င်းတို့၏ မိသားစုဝင်များတွင် အခက်အခဲများ ဖြစ်ပေါ်စေသည်။ HURFOM မှ မှတ်တမ်းတင်ထားသည့် မွန်ပြည်နယ် သထုံတွင်ဖြစ်ပွားသည့် ဖြစ်ရပ်တွင် အသက် ၁၉ နှစ်နှင့် ၂၂ နှစ်ရှိ ညီအမနှစ်ဦးအား စစ်အာဏာရှင်တို့က ညဖက်တွင် အတင်းအကြပ် ဖမ်းဆီးခေါ်ဆောင်သွားသည်။ မိဘများမှာ သမီးနှစ်ယောက် မည်သည့်နေရာ တွင် ရှိသည်ဆိုသည်ကို မသိရှိရဘဲ နောက်ပိုင်းမှသာ သူတို့ကို စစ်သင်တန်းကျောင်းသို့ ပို့ဆောင်လိုက်သည်ကို သိရသည်။

ထို့အပြင် မိန်းမပျိုများမှာ ခြေရာခံ၍မရအောင် ပျောက်ဆုံးနေခြင်းများလည်းရှိသည်။ TWU မှ အတည်ပြုချက်အရ အမျိုးသမီးငယ်များမှာ ဈေးဝယ်စင်တာတွင် အကြောင်းရင်းမရှိဘဲ ဖမ်းဆီးခံရသည့် ဖြစ်ရပ်များလည်း ရှိသည်။

## နေရပ်စွန့်ခွာမှုနှင့် ရွှေ့ပြောင်းအခြေချမှုများ

မိသားစုအများစုမှာ ၎င်းတို့၏ သမီးများ အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခံရခြင်း ထက် နေရပ်ရင်းကို စွန့်ခွာရန် ရွေးချယ်ကြသည်။ အမျိုးသမီးငယ်များသည် ယိုင်နဲ့နေ သည့် မိသားစုနှင့် အသိုင်းအဝိုင်းကို စွန့်ခွာပြီး ထိုင်းနိုင်ငံ သို့မဟုတ် တခြားလုံခြုံမည့် ဒေသများသို့ ထွက်ခွာကြရသည်။ ထိုအခြေအနေအောက်တွင် အမျိုးသမီးငယ်များအနေဖြင့် အနာဂတ်တွင် မည်သို့ဖြစ်ပျက်မည်ဆိုသည်ကို မသေခြာ မရေရာသည့် အခြေ အနေနှင့် ရင်ဆိုင်ကြုံတွေ့ရသည်။

တိမ်းရှောင်နေစဉ် ကာလအတွင်း ရှာဖွေတွေ့ရှိပြီး စစ်အာဏာရှင်တို့လက်တွင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်သူများထံ ပို့ဆောင်ခြင်း ခံရနိုင်သည်။ မိသားစုဝင် များမှာလည်း သမီးများအား အတင်းအကြပ် ရှေ့တန်းတွင် စစ်မှုထမ်းစေခြင်းမှ ကာကွယ်ရန် တိမ်းရှောင်စေခြင်းမှအပ တခြားရွေးချယ်စရာ မရှိသည့်အတွက် အဆိုပါအခြေအနေအောက်တွင် အမျိုးသမီးငယ်များမှာ လုံခြုံရေးအတွက် အာမခံချက်မရှိဖြစ်ရသည်။

## ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ဆုံးရှုံးခြင်းနှင့် ငြင်းဆန်ခံရခြင်း

တောက်ပသည့် အနာဂတ်အတွက် ပညာရေး သို့မဟုတ် အလုပ်အကိုင် အခွင့်အလမ်း များရှိသည့် အမျိုးသမီးငယ်များမှာ ယခုအခါတွင် ပုန်းအောင်းခြင်း၊ တိမ်းရှောင်ခြင်း သို့မဟုတ် ၎င်းတို့ဆန္ဒများနှင့် ဆန့်ကျင်စွာ အတင်းအကြပ်စစ်မှုထမ်းခြင်းခံနေရသည်။ အတင်းအကြပ်စစ်မှုထမ်းစေခြင်းကို စစ်အာဏာရှင်တို့က ဒေသခံပြည်သူ့စစ်များ ဖွဲ့စည်း၍ မိန်းမပျိုများအပါအဝင် အရပ်သားများအား အတင်းအကြပ် ခြိမ်းခြောက်ကာ အတင်းအကြပ် စစ်မှုထမ်းခြင်းကို ဆောင်ရွက်စေကြသည်။

စစ်အာဏာသိမ်းပြီးချိန်မှစ၍ ကျောင်းများမှာ စစ်အာဏာရှင်တို့ လေကြောင်းမှ အကြိမ် ကြိမ်တိုက်ခိုက်ရန် ပစ်မှတ်ခံထားရသကဲ့သို့ ပညာရှာမှီးပိုင်ခွင့် များမှာလည်း အကြီးအကျယ် နည်းပါးနေသည်။ လူငယ်လူရွယ်များ၏ လေ့လာကြိုးစားချင်စိတ်နှင့် ပညာရေး အခွင့်အလမ်းများအတွက် ပိုမိုအားထုတ်လိုမှုမှာလည်း ပဋိပက္ခများနှင့် ဒီမိုကရေစီကို ဆန့်ကျင်ဖြိုခွဲမှုများကြောင့် ၎င်းတို့၏ လုံခြုံမှုနှင့် အသက်ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်မှုတို့နှင့်အတူ ပိတ်ပင်ခြင်းခံနေရသည်။

ဆရာမ အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်သူများမှာလည်း ယခုအခါတွင် ၎င်းတို့ အလုပ်မှထွက်၍ စစ်အာဏာရှင်တို့အတွက် စစ်မှုထမ်းရန် ခြိမ်းခြောက်ခံနေရသည်။ နယ်စပ်ဒေသ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် တိုက်ပွဲများပြင်းထန်နေသ ဖြင့်လည်း အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများရရှိရန် မဖြစ်နိုင်ပေ။

စစ်တပ်ဖွဲ့စည်းပုံ အားလုံးမှာ အမျိုးသားများကို အဓိကထားကြသဖြင့် အမျိုးသမီးများမှာ ခွဲခြားဆက်ဆံခံရခြင်း၊ အကြမ်းဖက် ဖိနှိပ်ခံကြရသည်။ TWO ၏ အစီရင်ခံစာအရ အမျိုးသမီးများမှာ အလုပ်ပင်ပန်းစွာလုပ်ရနိုင်ပြီး စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုနှင့် ရုပ်ပိုင်း ဆိုင်ရာ ထိခိုက်မှုများကြုံရကာ လုံခြုံမှုလည်းရှိမည်မဟုတ်ပေ။ ထို့အပြင် အမျိုးသမီးများအနေဖြင့် ပညာရေးနှင့် တခြားသော တိုးတက်ရေး အခွင့်အလမ်းများ လက်လွှတ် ဆုံးရှုံးရနိုင်သည်။

**စစ်အာဏာသိမ်းပြီးချိန်မှစ၍ ကျောင်းများမှာ စစ်အာဏာရှင်တို့ လေကြောင်းမှ အကြိမ် ကြိမ်တိုက်ခိုက်ရန် ပစ်မှတ်ခံထားရသကဲ့သို့ ပညာရှာမှီးပိုင်ခွင့် များမှာလည်း အကြီးအကျယ် နည်းပါးနေသည်။ လူငယ်လူရွယ်များ၏ လေ့လာကြိုးစားချင်စိတ်နှင့် ပညာရေး အခွင့်အလမ်းများအတွက် ပိုမိုအားထုတ်လိုမှုမှာလည်း ပဋိပက္ခများနှင့် ဒီမိုကရေစီကို ဆန့်ကျင်ဖြိုခွဲမှုများကြောင့် ၎င်းတို့၏ လုံခြုံမှုနှင့် အသက်ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်မှုတို့နှင့်အတူ ပိတ်ပင်ခြင်းခံနေရသည်။**

# နိဂုံး

အမျိုးသမီးနှင့် မိန်းမပျိုများအား အတင်းအကြပ်စစ်မှုထမ်းစေခြင်းသည် စစ်အာဏာရှင်တို့၏ နည်းဗျူဟာ တခုသာမျှသာမက စနစ်တကျ ဖိနှိပ်ခြင်းနှင့် ကျားမအခြေပြု အကြမ်းဖက်ခြင်းလည်းဖြစ်သည်။ ထိုမူဝါဒကြောင့် မိသားစုဝင်များ၏ ဘဝအပေါ် ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်စေသည်။ လူ့အသိုင်းအ ဝိုင်းအတွင်း အကြပ်အတည်းဖြစ်ပေါ်စေပြီး အမျိုးသမီးငယ်များမှာ ၎င်းတို့၏ အနာဂတ်ကို ဆုံးရှုံးလက်လွှတ်ကြရသည်။ စစ်အာဏာရှင်တို့မှ လက်ရှိကျူးလွန်နေသည့် ကြမ်းကြုတ်ရက်စက်မှုများ ရပ်တန့်စေ ရန် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အရေးယူ ဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာပြည်ရှိ အမျိုးသမီးနှင့် မိန်းမပျိုများအား အကာအကွယ်ပေးခြင်း၊ တရားမျှတမှု၊ အနာဂတ်တွင် ကြောက်ရွံ့မှုနှင့် အတင်းအ ကြပ် စစ်မှုထမ်းစေခြင်းမှ လွတ်ကင်းရန် ထိုက်တန်သည်။ အမျိုးသမီးများအား အတင်းအကြပ် စစ်မှု ထမ်းရန် ကြိုးပမ်းခြင်းသည် စိုးရိမ်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပြီး နိုင်ငံတကာမှ အာရုံစိုက် သင့်သည်။

မြန်မာနိုင်ငံတွင်း လက်ရှိအခြေအနေများမှာ မသေခြာမရေရာမှုများနှင့်အတူရှိနေပြီး စစ်အာဏာရှင်တို့ က ၎င်းတို့၏ အာဏာတည်မြဲစေရန်အတွက် အတင်းအဓမ္မနှင့် ဖိနှိပ်မှုများ ဆက်လက်ကျင့်သုံးနေသဖြင့်လည်း ပိုမိုဆိုးရွားလာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအား သတင်းပေးခြင်းနှင့် လက်ရှိအကြပ်အတည်းများအား ကိုင်တွယ်ဆောင်ရွက်ရန်အတွက် ဆက်လက်၍ မှတ်တမ်းတင် ခြင်းနှင့် စည်းရုံးတိုက်တွန်းမှုများသည် မရှိမဖြစ်လိုအပ်နေသည်။

ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည့် သက်သေအထောက်အထားများအရ အတင်းအ ကြပ်စစ်မှုထမ်းစေခြင်းကြောင့် သက်ရောက်မှုများမှာ အထူးသဖြင့် အမျိုးသမီးများအား ထိခိုက်နစ် နာစေသည်။ စစ်အာဏာရှင်တို့ဘက်မှ ဆုံးရှုံးမှုများနေချိန်တွင် ဒေသအသီးသီးရှိ စစ်တပ်တပ်ရင်း များနှင့် စစ် မြေပြင်တွင် ရှုံးနိမ့်ဆုတ်ခွာနေရသည်။

စစ်တပ်မှာ ၎င်းတို့၏ အကျိုးစီးပွားအတွက်သာ ကြည့်နေပြီး စစ်တပ်၏ အသုံးစားရိတ်ကို လူသားချင်း စာနာသည့် အကူအညီများပေးရန်နှင့် ပြည်သူလူထုအား ကာကွယ်ရန် လျစ်လျူရှုထားသဖြင့် လူထု၏ အော့နှလုံးနာစရာ ဖြစ်နေသည်။

စစ်အုပ်ချုပ်ရေးအတွက် ဆန့်ကျင် ခုခံနေကြသည့် မြန်မာပြည်သူများအတွက် စစ်တပ်၏ လုပ်ရပ်မှာ အံ့ဩစရာမဟုတ်ပေ။ ၎င်းတို့ဆုံးရှုံးနေသည့် စစ်မြေပြင်များ ပြန်လည် ရရှိရန်အတွက် စစ်အာဏာရှင် တို့က ကြံမိကြံရာ ထင်ရာစိုင်း ကြိုးပမ်းနေခြင်းဖြစ်သည်။

အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်မှာ နိုင်ငံနှင့်အဝှန်း နောက်ကြောင်းပြန်လှည့်သွားပြီး အထူးသဖြင့် တိုင်းရင်းသားဒေသရှိ အမျိုးသမီးနှင့် မိန်းမပျိုတို့၏ အခွင့်အရေးမှာ မပြောင်း

မလဲ လျော့နည်းကျ ဆင်းနေသည်။ သို့သော်လည်း အမျိုးသမီးတို့၏ မဆုတ်မနစ်သော ဖွဲလုံလ သံန္နိဋ္ဌာန်မှာ သမိုင်းတလျှောက် ပေါ်လွင်ထင်ရှားစွာ ထုတ်ဖော်ပြသနေသည်။ စစ်တပ်အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ အမျိုးသမီးတို့၏ ဦးဆောင်မှုမှာ စစ်တပ်ကို ဆန့်ကျင်မှုကိုသာမက  ဖိုဝါဒကြီးစိုးမှုကိုလည်း ခုခံကာ ကွယ်ကြခြင်းဖြစ်သည်။

ဖက်ဒရယ်ဒီမိုကရေစီကို တောင်းဆိုမှုနှင့်အတူ အနာဂတ်မြန်မာနိုင်ငံတွင် ကျားမတန်းတူညီမျှရေးအ တွက် အမျိုးသမီးများက အခိုင်အမာပြသတောင်းဆိုနေသည်။ ပြည်သူအားလုံး ကျားမ မရွေး တန်းတူ ညီတူ အကာအကွယ်ရရန်၊ လွတ်လပ်မှုနှင့် အခြေခံအခွင့်အရေးများ တပြိုင်နက် ရရှိရန်ဖြစ်သည်။ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများက ကျားမ တန်းတူရေးနှင့် မြန်မာနိုင်ငံရှိ အကြမ်းဖက်ခံရသူ အမျိုးသမီးများ တရားမျှတမှုရရှိရေး အတွက် ဆက်လက် စည်းရုံးလှုံ့ဆော်နေကြ သည်။ ၎င်းတို့၏ တောင်းဆိုသံများကို နားထောင်ကြရန်နှင့် အမျိုးသမီးများအား အကာအကွယ်ပေး မည့် မူဝါဒများနှင့် ဥပဒေများ အကောင်အထည်ဖော် ပြဋ္ဌာန်းရမည်ဖြစ်သည်။

နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် မှန်ကန်သည့် သတင်းအချက်အလက်နှင့် လူထုအား ထောက်ပံ့မှု များပြုလုပ်နေသည့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးဆောင်းဆောင်ရွက်သင့်ပြီး အတင်းအကြပ် စစ်သားစုဆောင်းနေသည့် စစ်အာဏာရှင်တို့အား ဖိအားပေးရမည်ဖြစ်သည်။

စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်းအပါအဝင် အကြမ်းဖက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် လူငယ်များကို အကာအကွယ်ပေးရန်၊ စုံစမ်းစစ်ဆေးမှုများနှင့် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ချမှတ်ရန် ကုလသမဂ္ဂအား မိမိတို့မှ တိုက်တွန်းပါသည်။ မြန်မာပြည်ရှိ အခြေအနေအရပ်ရပ်အား မှန်မှန်ကန်ကန် သိနားလည်သည့် လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် အဖွဲ့အစည်းများအား ငွေကြေးအကူအညီနှင့် လူသားချင်းစာနာသည့် အကူအညီများ ပိုမိုပေးအပ်ရန်တောင်းဆိုပါသည်။

ထို့ကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများအား ND-Burma အဖွဲ့ဝင်များမှ အောက် ပါအတိုင်း အလေးအနက် တိုက်တွန်းပါသည်။

- **လူငယ်အမျိုးသား၊ အမျိုးသမီးနှင့် မိန်းမပျိုများအပေါ် အတင်းအကြပ် စစ်မှုထမ်းစေခြင်းအား ရှုံ့ချရန်နှင့် ထိုလုပ်ရပ်သည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့်ပြစ်မှုများ အဖြစ် သတ်မှတ်ရန်**
- **အတင်းအကြပ် စစ်မှုထမ်းစေခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူ စစ်အာဏာရှင်များအား ပစ် မှတ်ထား အရေးယူပိတ်ဆို့မှုများ ချမှတ်ရန်**
- **အတင်းအကြပ်စစ်မှုထမ်းစေခြင်းမှ လွတ်မြောက်ရန် တိမ်းရှောင်လာသည့် အမျိုးသမီးနှင့် မိသားစုများအားအရေးပေါ်လူသားချင်းစာနာသည့် အကူအညီများပေးအပ်ရန်**
- **ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစီရင်ရေး ယန္တရားများမှတဆင့် တာဝန်ယူ တာဝန်ခံမှုအတွက် တောင်းဆိုရန်**

## နိုင်ငံတကာ အသိုင်းအဝိုင်းသို့

### ၁။ ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်

အတင်းအကြပ် စစ်မှုထမ်းခြင်းကို လုပ်ဆောင်နေသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအပေါ် ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ တိုးချဲ့လုပ်ဆောင်ရန်။ ငွေကြေးများ ထိန်းချုပ်ခြင်း၊ ခရီးသွားလာခွင့် ပိတ်ပင်ခြင်းအပါအဝင် အခြားသောအရေးယူမှုများအား စစ်တပ်မှ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ဖိအားပေးချမှတ်ရန်။

### ၂။ နိုင်ငံတကာခုံရုံးများမှ တဆင့် ဥပဒေရေးရာအရ အရေးယူဆောင်ရွက်ရန်

အတင်းအကြပ် စစ်မှုထမ်းစေခြင်းနှင့် ဆက်စပ်ပတ်သက်သော အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) နှင့် နိုင်ငံတကာ တရားစီရင်ရေး အဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်ပေးရန်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေဖြင့် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် ICC သို့ လွှဲပြောင်းပေးရန်။

### ၃။ သံတမန် ဖိအားများပေးရန်

သံတမန်ဖိအား အထူးသဖြင့် ဒေသတွင်းရှိ ASEAN အဖွဲ့အနေဖြင့် မြန်မာစစ်တပ်၏ ကျူးလွန်မှုများအပေါ် တာဝန်ခံစေရန်အတွက် တိုးမြှင့်လုပ်ဆောင်ရန်။ စစ်အာဏာရှင်တို့အပေါ် ဩဇာရှိသည့်နိုင်ငံများအနေဖြင့် စစ်တပ်၏ အတင်းအကြပ် စစ်မှုထမ်းစေခြင်းအပါအဝင် တခြားသော အကြမ်းဖက်မှုများ ရပ်တန့်စေရန်အတွက် ဖိအားပေး ဆောင်ရွက်ရန်။

### ၄။ အရပ်ဖက်အဖွဲ့အစည်းများအား ထောက်ပံ့ကူညီရန်

မြန်မာနိုင်ငံတွင်းနှင့် အိမ်နီးချင်းနိုင်ငံများရှိ အရပ်ဖက်အဖွဲ့အစည်းများအား နိုင်ငံတကာ အလှူရှင် နှင့် အဖွဲ့အစည်းများအနေဖြင့် ငွေကြေးနှင့် နည်းပညာအကူအညီများ တိုးမြှင့်ထောက်ပံ့ရန်။ အ ရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ထိရောက်စွာဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ် တမ်းတင်ခြင်း၊ ကျူးလွန်ခံရသူများအား ကူညီပံ့ပိုးပေးခြင်းနှင့် တရားမျှတမှုအတွက် စည်းရုံးလှုံ့ ဆော်နေကြသည်။

### ၅။ လူသားချင်းစာနာသည့် အကူအညီများနှင့် စစ်ပြေးဒုက္ခသည်များအား အကာအကွယ်ပေးရန်

နိုင်ငံတကာအနေဖြင့် အတင်းအကြပ်စစ်မှုထမ်းစေခြင်းကြောင့် တိမ်းရှောင်လာရသူများအား လုံလောက်သည့် လူသားချင်းစာနာသော အကူအညီနှင့် အကာအကွယ်များပေးရန်။ အိမ်နီးချင်း နိုင်ငံများသို့ ရွှေ့ပြောင်းသွားသူများ၊ ဒုက္ခသည်များနှင့် နိုင်ငံတွင်း တိမ်းရှောင်နေရသည့် စစ်ပြေး ဒုက္ခသည်များကိုလည်း အလားတူ ကူညီပံ့ပိုးပေးရန်။

## အလှူရှင်များသို့

### ၁။ မှတ်တမ်းတင်ခြင်းလုပ်ငန်းများအား တိုးချဲ့နိုင်စေရန်

ဒေသခံ လူ့အခွင့်အရေးအဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်း တင်ရန်နှင့် ၎င်းတို့၏ လုပ်နိုင်စွမ်းအတွက် ပံ့ပိုးကူညီရန်။ အဆိုပါ လုပ်ငန်းများတွင် မြေပြင်တွင် ကြမ်းကြုတ်ရက်စက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် အတင်းအကြပ်စစ်မှုထမ်းစေခြင်းနှင့် ဆိုင် သည့် ဖြစ်ရပ်များ ပါဝင်သည်။ အဆိုပါအဖွဲ့များအနေဖြင့် အသေးစိတ်ထုတ်ဖော်ပြောဆိုချက်များ၊ ဖြစ်ရပ်မှန်များနှင့် အတင်းအကြပ်စစ်မှုထမ်းစေခြင်း မူဝါဒကြောင့် ဖြစ်ပေါ်လာသည့် ရိုက်ခတ်မှုများနှင့်ဆိုင်သည့် အချက်အလက်များအား အထူးပြု စုဆောင်းနိုင်စေရန်။ အဆိုပါ မှတ်တမ်းများသည် အနာဂတ်တွင် တရားဥပဒေအရ ရင်ဆိုင်ဖြေရှင်းရန်နှင့် စည်းရုံးလှုံ့ဆော်မှုအတွက် အရေးပါသည်။

### ၂။ လူ့အခွင့်အရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်

စစ်အာဏာရှင်တို့၏ မတရား အကြမ်းဖက်သည့် လုပ်ရပ်များကို မှတ်တမ်းတင် ဖော်ထုတ်ရန် အတွက် ဒေသခံနှင့် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအား ကောင်းလာစေရန်

### ၃။ ပိုမိုနားလည်သဘောပေါက်စေရန်နှင့် စည်းရုံးလှုံ့ဆော်ရန်

နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှုသည် မြန်မာနိုင်ငံအခြေအနေကို ကောင်းစွာ သဘောပေါက်နား လည်စေပြီး စစ်အာဏာရှင်တို့အား ဖိအားပေးရန်အတွက်လည်း မဖြစ်မဖြစ်လိုအပ်သည်။ စည်းရုံးလှုံ့ဆော်မှုများတွင် အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခံရသူများ၏ ဖြစ်ရပ်များကို အလေးအ နက်ထား၍ စစ်တပ်၏မူဝါဒကြောင့် ထိခိုက်မှုများကို မီးမောင်းထိုးတင်ပြရန်။

### ၄။ ရေရှည်သက်ရောက်မှုများအပေါ် စောင့်ကြည့်လေ့လာ ဖော်ထုတ်အစီရင်ခံရန်

အတင်းအကြပ် စစ်မှုထမ်းစေခိုင်းခြင်းကြောင့် လူတဦးချင်း၊ မိသားစုဝင်များနှင့် လူ့အဖွဲ့အစည်း အပေါ် ရေရှည်သက်ရောက်မှုများအား စောင့်ကြည့်လေ့လာ ဖော်ထုတ်အစီရင်ခံရန် လိုအပ်သည်။ အတင်းအကြပ်စစ်မှုထမ်းစေခိုင်းသည့် မူဝါဒကြောင့် စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးနှင့် လူမှုရေး အကျိုးဆက်များအပေါ် ခြေရာကောက်၍ အနာဂတ်တွင် အကူအညီပေးရေးနှင့် ကြား ဝင်ဆောင်ရွက်ရေးအတွက် ဖော်ထုတ်ပြသရန်။

## ၅။ နိုင်ငံတကာမှ ကြားဝင်ဆောင်ရွက်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန်

မြန်မာနိုင်ငံရှိ အကြပ်အတည်းကို နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် သံတမန်နည်းလမ်း၊ တရားစီရင်ရေးနှင့် လူသားချင်းစာနာသည့် နည်းလမ်းများအပါအဝင် ပိုမိုပြည့်စုံသည့် ချဉ်းကပ်မှု များဖြင့် အရေးယူဆောင်ရွက်ရန်။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုနှင့် ပြန်လည် နာလန်ထူနိုင်မှုနှင့် ပေါင်းစည်းနိုင်မှုအတွက် ရေရှည် အကူအညီများလည်း ထောက်ပံ့ကူညီရန်။

# အမျိုးသမီးများအား စစ်မှုထမ်း စာရင်းသွင်းခြင်း

စစ်အာဏာရှင်တို့၏ အတင်းအကြပ် စစ်မှုထမ်းရန် လုပ်ဆောင်မှုကြောင့် အမျိုးသမီးများအပေါ် သက်ရောက်မှုများ



ND-Burma